# သင်၏ ဗီဇာဆိုင်ရာ ရပိုင်ခွင့်များကို သိပါ။


MIGRANT WORKERS CENTRE

## သင်၏ ဗီဇာစည်းကမ်းချက်များကို VEVO ဖြင့် အသေအချာ လွယ်ကူစွာ စစ်ဆေးပါ။

မြန်မာဘာသာစကား

### VEVO ဆိုသည်မှာ အဘယ်နည်း။

VEVO (Visa Entitlement Verification Online) (အွန်လိုင်းအရ စိစစ်နိုင်သည့် ဗီဇာရပိုင်ခွင့် အချက်အလက်များ) သည် ပြည်ထဲရေးဌာန၏ အခမဲ့ဝန်ဆောင်မှုတစ်ရပ်ဖြစ်သည်။ ၎င်းသည် သင်၏ အလုပ်လုပ်ကိုင်ခွင့် အပါအဝင် သင်၏ ဗီဇာ အခြေအနေနှင့် စည်းကမ်းချက်များကို အချိန်မရွေး၊ နေရာမရွေး စစ်ဆေးရန် ထောက်ကူပေးသည်။



### VEVO ကို ဘာကြောင့် သုံးရမည်နည်း။

- သင်၏ အလုပ်အကိုင်ဆိုင်ရာ ရပိုင်ခွင့်များကို သိပါ
- ဗီဇာချိုးဖောက်မှုများကို ရှောင်ရှားပါ
- သင်၏ ဗီဇာ အခြေအနေကို ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများအား မျှဝေအသိပေးပါ

### သင်၏ ဗီဇာစည်းကမ်းချက်များကို စစ်ဆေးနိုင်ပုံ

**သင်၏ ဗီဇာကို သုံးနိုင်ပုံမှာ၊**

- သင်၏ ImmiAccount သို့မဟုတ်
- VEVO ပေါ်တယ် onlineimmi.gov.au/vevo

**သင် လိုအပ်မည်မှာ၊**

- သင်၏ နိုင်ငံကူးလက်မှတ်၊ ImmiCard သို့မဟုတ် ခရီးသွားစာရွက်စာတမ်းပါ အသေးစိတ်အချက်အလက်များ
- သင်၏ ဗီဇာခွင့်ပြုစာတွင်ပါရှိသော ခွဲခြားဖော်ထုတ်နိုင်ရာ အချက်အလက်များအနက် အောက်ပါတစ်ခုခု၊
  - ဗီဇာခွင့်ပြုနံပါတ်
  - အမှုသည် သက်သေခံအမှတ်
  - အမှုကိစ္စ ရည်ညွှန်းနံပါတ်

! **အလုပ်ရှင်များနှင့် အဖွဲ့အစည်း**များသည်လည်း ImmiAccount ကို အသုံးပြုပြီး VEVO အတွက် မှတ်ပုံတင်၍ ဗီဇာစည်းကမ်းချက်များကို စစ်ဆေးနိုင်သည်။

**အကူအညီ လိုပါသလား။**

သင့်ဗီဇာစည်းကမ်းချက်များကို ကူညီစစ်ဆေးပေးရန် အလုပ်သမား သမဂ္ဂ၊ ရပ်ရွာဥပဒေရေးရာဌာန သို့မဟုတ် ရွှေ့ပြောင်းလာသူ ကူညီပေးရေး အဖွဲ့အစည်းထံ စုံစမ်းမေးမြန်းပါ။

MIGRANT WORKERS CENTRE
(03) 7009 6710
MIGRANTWORKERS.ORG.AU

This material was developed with funding from the Australian Government